တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

ပထမနေ့အစီအစဉ်

၁-၁၀-၂၀၂၆ (ကြာသပတေးနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ ကျန်းမာရေးဌာနအဆောက်အဦအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ကသာမြို့၊ အ.ထ.က(၂)စာသင်ကျောင်းနှင့် အ.လ.က(၁)ထ(ခွဲ) စာသင်ကျောင်းတို့အတွက် လိုအပ်နေသည့် ဆိုလာများ ပံ့ပိုးပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးစိုင်းစံလုစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ဟုမ္မလင်းမြို့၊ ဟုမ္မလင်းရပ်ကွက် ကမ်းနားလမ်းတွင် ဆောင်ရွက်ရန်ကျန်ရှိသော (၁၂၀၀)ပေအရှည် မြေထိန်းကမ်းထိန်းနံရံကို အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မန္တလေး-မုံရွာ ကားလမ်းအချို့နေရာများတွင် လမ်းသားအရည်အသွေးကျဆင်းနေပြီး ချိုင့်ခွက် များခြင်း၊ လမ်းပျက်စီးနေသဖြင့် ၄င်းလမ်းပိုင်းများကို ယာယီပြုပြင်ခြင်းသာမက ရေရှည် အသုံးပြုနိုင်စေရန် လမ်းအရည်အသွေးပြည့်မီစေရေး စနစ်တကျ ပြုပြင်မွမ်းမံ ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မင်းကင်းမြို့နယ် ပတ်ဝန်းကျင်ရှိ ကျေးရွာ(၇)ရွာအား ဖွံ့ဖြိုးတိုးတက်စေမည့် ကျေးတောင်ဦးရွာ၊ လက်သမားချောင်းရွာ၊ အံ့စရာရွာ၊ မင်းစားရွာ(၄)ရွာ၏ ကျေးရွာချင်းဆက်လမ်းအား ဂျင်းကျောက်ခင်းလမ်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ကျွန်းလှမြို့နယ်၊ ကျောက်အိုင်ကျေးရွာအုပ်စုနှင့် ရွာသီကျေးရွာအုပ်စုတို့အား ဆက်သွယ်ထားသော ကျောက်ချောလမ်းကြမ်းအား ကောင်းမွန်သော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ရေဦးမြို့၊ ရေဦးကုန်းကျေးရွာအတွင်း အရှေ့အနောက်တည်ရှိသော ရွာလယ်လမ်းမကြီး (၁၇၀၀)ပေနှင့် အဆိုပါလမ်းမကြီးမှ စာသင်ကျောင်းသို့သွားသည့်လမ်း(၂၀၀)ပေ စုစုပေါင်း(၁၉၀၀) ပေအား ကွန်ကရစ်လမ်းအဖြစ် ခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာမြို့ပေါ်ရှိ ဇေယျာချောင် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းပတ်လမ်းအား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "နိုင်ငံ့ဝန်ထမ်းများအား မိမိတို့တာဝန်ကျရာဒေသရှိ ကူးတို့ဖြတ်သန်းခများ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့နည်းသတ်မှတ်ဖြတ်သန်းခွင့်ပြုနိုင်ရေး အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်အတွင်းရှိ အုပ်ချုပ်ရေးမှူးရုံးနှင့် လောကဟိတကာရီ လူမှုကူညီရေးအသင်းရုံးအနီးရှိ ရေစင်အား လိုအပ်သော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေရှည်ထိန်းသိမ်း စောင့်ရှောက်မည့် အစီအစဉ်များ ရှိ/မရှိ သိရှိလိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(ဋ) **ဒေါ်ဆန်းစစ်ရှီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "လေရှီးမြို့၊ အမှုထမ်းရပ်ကွက်ရှိ မိုးမခလမ်းသွယ် ကွန်ကရစ်လှေကားထစ်ခုံ(၅၀၀)ပေ၊ အကျယ်(၄)ပေ၊ (၉)လက်မထုနှင့် မြို့ပတ်လမ်း အရှည်(၁၆၅၀)ပေ၊ အကျယ်(၁၂)ပေ၊ (၉)လက်မထုတို့အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(၄) **ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒုံးဟီးမြို့ပေါ် ပြည်သူလူထုများ သောက်သုံးရေ လုံလောက်စွာရရှိစေရန်အတွက် ရေပေးဝေရေးပညာရှင်များ မြေပြင်ကွင်းဆင်းသုတေသနပြုဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။